(ဃ) **ဤစည်းမျဉ်းခွဲ (က)၊ (ခ) နှင့် (ဂ)တို့အရ လက်တွေ့ဆောင်ရွက်ရာ၌ ခက်ခဲသည့်ကိစ္စများတွင် အခွန်ထမ်းနေထိုင်ရာဒေသနှင့်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးက ဆောင်ရွက်ရမည်။ အခြားကိစ္စရပ်များအတွက် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ပေးသည့် မြို့နယ်အခွန်ဦးစီး ဌာနမှူးရုံး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး သို့မဟုတ် အခွန်ထမ်းကြီးများ ဆိုင်ရာအခွန်ရုံး သို့မဟုတ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၇ အရ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန် ဖွဲ့စည်းပေးထားသည့် အဖွဲ့ရုံးက ဆောင်ရွက်ရမည်။**

၅။ ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၁၃ တွင်-

(က) စည်းမျဉ်းခွဲ (က) ကို စည်းမျဉ်းခွဲ (က)၊ စည်းမျဉ်းခွဲငယ် (၁) အဖြစ် ပြောင်းလဲသတ်မှတ်ရမည်။

(ခ) စည်းမျဉ်းခွဲ (က) ဇယားအောက်ခြေရှိ စာပိုဒ်ကို အောက်ပါအတိုင်း အစားထိုး၍ စည်းမျဉ်းခွဲ (က)၊ စည်းမျဉ်းခွဲငယ် (၂) အဖြစ် ပြောင်းလဲသတ်မှတ်ရမည်-

**(က) (၂) စည်းမျဉ်းခွဲ (က)၊ စည်းမျဉ်းခွဲငယ် (၁) ဇယားတွင် ဖော်ပြမထားသည့် ကိရိယာတန်ဆာပလာများ သို့မဟုတ် အခြား မ-တည် အပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ နုတ်ပေးရမည့် တန်ဖိုးလျော့ငွေမှာ စည်းမျဉ်းခွဲ (ခ) နှင့် အကျုံးမဝင်လျှင် မူရင်းတန်ဖိုး အပေါ် ငါးရာခိုင်နှုန်း ဖြစ်စေရမည်။**

(ဂ) စည်းမျဉ်းခွဲ (က)၊ စည်းမျဉ်းခွဲငယ် (၂) ၏နောက်၌ စည်းမျဉ်းခွဲငယ် (၃) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**(က) (၃) ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အောက်ပါကိစ္စရပ်များအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများနှင့် တန်ဖိုးလျော့နှုန်းတို့ကို သတ်မှတ်ပေးနိုင်သည်-**

**(ကက) ဖြုပ်မဲ့ရရန်ပိုင်ခွင့်များ၊**

**(ခခ) တန်ဖိုးနည်း မ-တည် အပိုင်ပစ္စည်းများ။**

(ဃ) စည်းမျဉ်းခွဲ (က)၊ စည်းမျဉ်းခွဲငယ် (၃) ၏နောက်၌ စည်းမျဉ်းခွဲငယ် (၄) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**(က) (၄) ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အောက်ပါကိစ္စရပ်များအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများနှင့် တန်ဖိုးလျော့နှုန်းတို့ကို သတ်မှတ်ခွင့်ပြုပေးနိုင်သည်-**

**(កក) ဤစည်းမျဉ်းခွဲပါ တန်ဖိုးလျော့နှုန်းထက် လျော့၍ဖြစ်စေ၊ ပို၍ဖြစ်စေ ခံစားလိုကြောင်း အခွန်ထမ်းက လျှောက်ထားလာသည့် ကိစ္စရပ်များ၊**

**(ခခ) တန်ဖိုးလျော့ ခံစားသည့်နည်းလမ်း ပြောင်းလဲခြင်းဆိုင်ရာ ကိစ္စရပ်များ။**

၆။ ဝင်ငွေခွန် စည်းမျဉ်းများ စည်းမျဉ်း ၁၄ တွင်-

(က) စည်းမျဉ်းခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

**(ခ) ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ နုတ်ယူထားသော ငွေအားလုံးကို နုတ်ယူသူသည် ထိုသို့ နုတ်ယူထားသည့်နေ့မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၏ ဘဏ်ငွေစာရင်းသို့ ပေးသွင်းရမည်။ နုတ်ယူထားသည့်နေ့မှ ၁၅ ရက်အတွင်းပေးသွင်းသည့် ကိစ္စတွင် ပေးသွင်းသည့်နေ့ရက်သည် ဝင်ငွေနှစ် ကုန်ဆုံးသည့်နေ့မှ ၁၅ ရက်အတွင်းဖြစ်ပါက ပေးသွင်းသောအခွန်ကို သက်ဆိုင်ရာ ဝင်ငွေနှစ်အတွက် ပေးသွင်းသည့်အခွန်အဖြစ် မှတ်ယူရမည်။ သို့ရာတွင် လိုအပ်လျှင် ညွှန်ကြားရေးမှူးချုပ်သည် ပေးသွင်းရမည့်နေ့ရက်၊ ပေးသွင်းရမည့် နည်းလမ်းတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ စည်းမျဉ်းခွဲ (ဂ) ပါ သတင်းအချက်အလက် ပေးပို့ရမည့် နေ့ရက်၊ ပေးပို့ရမည့် နည်းလမ်းတို့နှင့်စပ်လျဉ်း၍လည်းကောင်း သတ်မှတ်ပေးနိုင်သည်။**

(ခ) စည်းမျဉ်းခွဲ (ဂ) တွင် ပါရှိသော **ခုနစ်ရက်** ဆိုသည့် စကားရပ်ကို **၁၅ ရက်** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၁ ရက်)

## ကုန်ထုတ်လုပ်မှုဆိုင်ရာ ထုတ်လုပ်မှုအညွှန်းကိန်း (Manufacturing Production Index-MPI) အကောင်အထည်ဖော်နိုင်ရေး ဦးဆောင်ကော်မတီ (Steering Committee) ဖွဲ့စည်းခြင်း

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍတစ်ရပ်လုံးကို ခြုံငုံသုံးသပ်နိုင်မည့် အညွှန်းကိန်းတစ်ခုဖြစ်သည့် ကုန်ထုတ်လုပ်မှုဆိုင်ရာ ထုတ်လုပ်မှုအညွှန်းကိန်း (Manufacturing Production Index-MPI) ကို အကောင်အထည်ဖော်နိုင်ရန် **ကုန်ထုတ်လုပ်မှုဆိုင်ရာ ထုတ်လုပ်မှု အညွှန်းကိန်း (Manufacturing Production Index-MPI) အကောင်အထည်ဖော်နိုင်ရေး ဦးဆောင် ကော်မတီ (Steering Committee)** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ဒုတိယဝန်ကြီး (စက်မှု) — ဥက္ကဋ္ဌ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ခ) အမြဲတမ်းအတွင်းဝန် (စက်မှု) — ဒုတိယဥက္ကဋ္ဌ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဗဟိုစာရင်းအင်းအဖွဲ့
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(စ) ဌာနကြီးမှူး အဖွဲ့ဝင်
နေပြည်တော်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဆ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

၂။ **ကုန်ထုတ်လုပ်မှုဆိုင်ရာ ထုတ်လုပ်မှုအညွှန်းကိန်း (Manufacturing Production Index-MPI) အကောင်အထည်ဖော်နိုင်ရေး ဦးဆောင်ကော်မတီ (Steering Committee)** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဦးဆောင်ကော်မတီ (Steering Committee) သည် လုပ်ငန်းလိုအပ်ချက်အရ အခါအားလျော်စွာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခေါ်ယူကျင်းပ၍ အောက်ပါတို့အပေါ် လိုအပ်သောမူဝါဒနှင့် လမ်းညွှန်ချက်များ ချမှတ်ရန်-

(၁) MPI အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းအဖွဲ့ (Working Group) ကို ဦးဆောင်ကော်မတီအောက်တွင် ဖွဲ့စည်းထားရှိခြင်း၊

(၂) စီမံကိန်းတာဝန်ယူဆောင်ရွက်မည့်ဌာန (Focal Department) ကိုသတ်မှတ်ခြင်း၊

(၃) နည်းပညာနှင့် ငွေကြေးအထောက်အပံ့ရရှိရေးအဆိုပြုတင်ပြမည့် စီမံကိန်းအဆိုပြုလွှာ (Project Proposal) ရေးသားခြင်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများသို့ ညှိနှိုင်းအဆိုပြုခြင်း၊

(၄) စီမံကိန်း အကောင်အထည်ဖော်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စည်းမျဉ်း (Team of Reference-ToR) ရေးဆွဲပြုစုခြင်း၊

(၅) ပြည်ထောင်စုအစိုးရ ရန်ပုံငွေမှ စိုက်ထုတ်ကျခံခြင်း၊

(၆) Industrial Census ကောက်ယူခြင်း၊

(၇) ကုန်ထုတ်လုပ်မှုဆိုင်ရာ ထုတ်လုပ်မှုအညွှန်းကိန်း (MPI) ကို လစဉ်/နှစ်စဉ် တွက်ချက်ခြင်းနှင့် ထုတ်ပြန်ကြေညာခြင်း။

(ခ) ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ပေးရန်၊

(ဂ) အထက်အဖွဲ့အစည်းများသို့ လိုအပ်သလို တင်ပြခွင့်ပြုချက်ရယူပေးရန်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၂၀)

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၇ ရက်)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (COVID-19) ကြောင့် ထိခိုက်မှုဖြစ်ပွားခဲ့သည့်လုပ်ငန်းများ၏ စီးပွားရေးသက်ရောက်မှုများအပေါ် **အားလုံးတပေါင်းတည်းကျော်လွှားခြင်း COVID-19 စီးပွားရေးကုစားမှုအစီအစဉ် (COVID-19 Economic Relief Plan)** နှင့်အညီ အကောင်အထည်ဖော် ကုစားပေးနိုင်ရေးအတွက် ထုတ်ပြန်ထားသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာအမိန့် အပိုဒ် ၅ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်၊ အကျိုးသက်ရောက်စေခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁။ ဤလုပ်ထုံးလုပ်နည်းများကို **ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာ အမိန့်နှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများသည် ၂၀၂၀-၂၀၂၁ စည်းကြပ်နှစ်အတွက် အကျိုးသက်ရောက်စေရမည်။

၃။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော စကားရပ်များသည် ဝင်ငွေခွန်ဥပဒေနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့တွင် ဖော်ပြထားသည့် အဓိပ္ပာယ်အတိုင်း အကျိုးသက်ရောက်စေရမည်။

၄။ အားလုံးတပေါင်းတည်း ကျော်လွှားခြင်း COVID-19 စီးပွားရေးကုစားမှုအစီအစဉ် (COVID-19 Economic Relief Plan) ၏ ပန်းတိုင် ၂ လုပ်ငန်းအစီအစဉ် ၂. ၁. ၅ အခွန်ဆိုင်ရာ ခုနှိမ်ခွင့်များ (Tax Credits) အား အကောင်အထည်ဖော်ဆောင်ရွက်ရန် ထုတ်ပြန်ထားသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာ အမိန့်ပါ အခွန်ဆိုင်ရာ ဖြေလျှော့မှုနှင့် ခံစားခွင့်များကို လိုက်နာကျင့်သုံးဆောင်ရွက်ရာတွင် ရှင်းလင်းမှုရှိစေရန်နှင့် တစ်ပြေးညီဖြစ်စေရန်အလို့ငှာ ရည်ရွယ်၍ ဤလုပ်ထုံးလုပ်နည်းအား ထုတ်ပြန်ခြင်း ဖြစ်သည်။

## အခန်း (၂)
## ထပ်တိုးပေးချေရသည့်လုပ်ခ၊ လစာအပေါ် ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်ပြုခြင်း

### အဓိပ္ပာယ်သတ်မှတ်ချက်

၅။ **ထပ်တိုးပေးချေရသည့်လုပ်ခ၊ လစာ** ဆိုသည်မှာ အောက်ဖော်ပြပါ ကိစ္စရပ်တစ်ခုခုကြောင့် ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်တွင် ယင်းဝင်ငွေနှစ်မတိုင်မီ ကပ်လျက်ရှိသော ဝင်ငွေနှစ် (ယခင်နှစ်) ထက်ပိုမို ပေးချေရသည့် လုပ်ခ၊ လစာကို ဆိုသည်-

(က) ယခင်နှစ်နှင့်တူညီသော ဝန်ထမ်းဦးရေရှိ ဝန်ထမ်းများ၏လုပ်ခ၊ လစာများအား တိုးမြှင့်ပေးခြင်းကြောင့် လုပ်ခ၊ လစာစရိတ် မြင့်တက်ခြင်း၊

(ခ) ဝန်ထမ်းအင်အား တိုးချဲ့ခြင်းကြောင့် လုပ်ခ၊ လစာစရိတ် မြင့်တက်ခြင်း။

၆။ ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသောပမာဏအား အခွန်ခုနှိမ်ခွင့်အဖြစ် ခုနှိမ်ခွင့်ပြုမည် ဖြစ်ပါသည်။ ဥပမာအားဖြင့် အခွန်ထမ်းတစ်ဦးသည် ၂၀၁၈-၂၀၁၉ ဝင်ငွေနှစ်တွင် လုပ်ခ၊ လစာစရိတ် ကျပ် ၅ သိန်းကျခံခဲ့ပြီး ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်တွင် လုပ်ခ၊ လစာစရိတ် ကျပ် ၈ သိန်း ကျခံခဲ့ပါသည်။ ထို့ကြောင့် ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်တွင် ထပ်တိုးပေးချေရသော လုပ်ခ၊ လစာစရိတ် ကျပ် ၃ သိန်းအတွက် **ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့် ၁၀ ရာခိုင်နှုန်း (ကျပ် ၃ သောင်း)** ခုနှိမ်ခွင့် ရရှိမည် ဖြစ်သည်။

### တစ်ပြေးညီကျင့်သုံးရန်သတ်မှတ်ချက်များ

၇။ ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာ ပမာဏအားတွက်ချက်ရာတွင် ဝင်ငွေနှစ်တစ်နှစ်အတွက် စာရင်းပြုစုသည့် ကာလသည် သာမန်အားဖြင့် ၁၂ လကာလဖြစ်သော်လည်း နှိုင်းယှဉ်ရမည့် ဝင်ငွေနှစ်၏ လအရေအတွက်ချင်း တူညီခြင်းမရှိပါက ထပ်တိုးပေးချေရသည့် ပမာဏအား လအရေအတွက်အပေါ် အခြေခံ၍ တွက်ချက်ရမည်။ ယခင် ဝင်ငွေနှစ်၏ လအရေအတွက်သည် ၆ လတာကာလဖြစ်ပါက ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာ ပမာဏကို အောက်ပါပုံသေနည်းအတိုင်း တွက်ချက်ရမည်-

**[(၁၂ လရှိသည့် ဝင်ငွေနှစ်အတွက် စုစုပေါင်းလစာ) - (၂ × ၆ လရှိသည့် ဝင်ငွေနှစ်အတွက် စုစုပေါင်းလစာ)]**

၈။ ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာအတွက် အခွန်ခုနှိမ်ခွင့်အား ခွင့်ပြုခြင်းကြောင့် ပြန်အမ်းငွေ ပေါ်ပေါက်နိုင်ပါက အဆိုပါ ခုနှိမ်ခွင့်အား အပြည့်အဝခွင့်ပြုခြင်းမပြုဘဲ ပေးဆောင်ရန် အခွန် သုညဖြစ်သည့် ပမာဏအထိကိုသာ ခုနှိမ်ခွင့် ပြုရမည်။

၉။ **ပြန်အမ်းငွေ ရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်ဖြစ်သောကြောင့် ပြန်အမ်းငွေအား တောင်းခံခြင်း၊ အခြားအခွန်အမျိုးအစားများတွင် ခုနှိမ်ခြင်းနှင့် နောက်နှစ်များသို့ ဆက်လက်သယ်ဆောင်ခုနှိမ်ခြင်း မပြုရ။**

၁၀။ ပြန်အမ်းငွေ ရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့် မပြုမီ ယခင်နှစ်က သယ်ဆောင်လာသည့် ပြန်အမ်းငွေ ခုနှိမ်ခွင့်၊ ဝင်ငွေခွန်ဥပဒေအရ ပေးဆောင်ခဲ့သည့် ကြိုတင်ဝင်ငွေခွန်တို့ကို ဦးစွာခုနှိမ်ရမည်။

၁၁။ ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာအပေါ် ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်အား အောက်ဖော်ပြပါ နမူနာပုံစံများအတိုင်း တွက်ချက်ရမည်-

**နမူနာ တွက်ချက်မှု - ၁**

**အခွန်ခုနှိမ်ခွင့်ပြုသည့် အစီအစဉ်**

ကုမ္ပဏီတစ်ခုသည် အခွန်မစည်းကြပ်မီ အသားတင်အမြတ် ကျပ် ၁၀ သိန်းရရှိပြီး ဝင်ငွေခွန်ဥပဒေအရ ပေးဆောင်ထားသည့် ဝင်ငွေခွန် ကျပ် ၅ သောင်းရှိသည်ဟု ယူဆပါမည်။ ထို့အပြင် အဆိုပါ အခွန်ထမ်းသည် အခွန်ခုနှိမ်ခွင့် ကျပ် ၃ သောင်း ရရန်ရှိသည်ဟု မှတ်ယူပါမည်။

| | | |
|---|---|---|
| (၁) | အသားတင်အမြတ် (ဝင်ငွေ) | ၁,၀၀၀,၀၀၀ ကျပ် |
| (၂) | ကျသင့်ဝင်ငွေခွန် (၂၅%)<br>**(နုတ်)** | ၂၅၀,၀၀၀ ကျပ် |
| (၃) | **ယခင်နှစ်မှသယ်ဆောင်လာသည့် ပြန်အမ်းငွေခုနှိမ်ခွင့်(ရှိလျှင်)** | xxxxxxxxxx |
| (၄) | **ပေးဆောင်ခဲ့ပြီးသည့် ဝင်ငွေခွန်/ကြိုတင်ခွန် (ရှိလျှင်)** | **၅၀,၀၀၀ ကျပ်** |
| (၅) | **ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့်အခွန်ခုနှိမ်ခွင့် (၁၀%)** | **၃၀,၀၀၀ ကျပ်** |
| (၆) | အသားတင်ပေးဆောင်ရန်အခွန် | ၁၇၀,၀၀၀ ကျပ် |

**နမူနာ တွက်ချက်မှု - ၂**

**(ပေးဆောင်ရန် အခွန်သုညဖြစ်သည့် ပမာဏအထိကိုသာ ခုနှိမ်ခွင့်ပြုခြင်း)**

ကုမ္ပဏီတစ်ခုသည် အခွန်မစည်းကြပ်မီ အသားတင်အမြတ် ကျပ် ၁၀ သိန်းရရှိပြီး ဝင်ငွေခွန်ဥပဒေအရ ပေးဆောင်ထားသည့် ဝင်ငွေခွန် ကျပ် ၂ သိန်း ၄ သောင်းရှိသည်ဟု ယူဆပါမည်။ ထို့အပြင် အဆိုပါ အခွန်ထမ်းသည် အခွန်ခုနှိမ်ခွင့် ကျပ် ၃ သောင်း ရရန်ရှိသည်ဟု မှတ်ယူပါမည်။ သို့ရာတွင် အခွန်ခုနှိမ်ခွင့် ကျပ် ၃ သောင်းသည် ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်ဖြစ်သည့်အတွက် ပေးဆောင်ရန် အခွန် သုညဖြစ်သည့် ပမာဏအထိကိုသာ ခုနှိမ်ခွင့်ရှိမည် ဖြစ်သည်။

| | | |
|---|---|---|
| (၁) | အသားတင်အမြတ် (ဝင်ငွေ) | ၁,၀၀၀,၀၀၀ ကျပ် |
| (၂) | ကျသင့်ဝင်ငွေခွန် (၂၅%)<br>**(နုတ်)** | ၂၅၀,၀၀၀ ကျပ် |
| (၃) | **ပေးဆောင်ခဲ့ပြီးသည့် ဝင်ငွေခွန်/ကြိုတင်ခွန်** | **၂၄၀,၀၀၀ ကျပ်** |
| (၄) | **ယခင်နှစ်မှသယ်ဆောင်လာသည့်ပြန်အမ်းငွေခုနှိမ်ခွင့်** | xxxxxxxxxx |
| (၅) | **ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့်အခွန်ခုနှိမ်ခွင့် (၁၀%) (နုတ်)** | **၁၀,၀၀၀ ကျပ်** |
| (၆) | အသားတင်ပေးဆောင်ရန်အခွန် | မရှိပါ |

**အခန်း (၃)**

**ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာအပေါ် အသုံးစရိတ်အဖြစ် တိုးမြှင့်နုတ်ပယ်ခွင့်ပြုခြင်း အဓိပ္ပာယ်သတ်မှတ်ချက်**

၁၂။ ဤအခန်းပါ **ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာ** ဆိုသည်မှာ အပိုဒ် ၅ တွင် ဖော်ပြထားသည့် အဓိပ္ပာယ်အတိုင်း အကျိုးသက်ရောက်စေရမည်။

၁၃။ ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာ ပမာဏစုစုပေါင်း၏ ၁၂၅ ရာခိုင်နှုန်းနှင့်ညီမျှသော ပမာဏအား စရိတ်အဖြစ် နုတ်ပယ်ခွင့်ပြုမည် ဖြစ်ပါသည်။ ဥပမာ ၂၀၁၈-၂၀၁၉ ဝင်ငွေနှစ်အတွက် အခွန်ထမ်းတစ်ဦး၏ လုပ်ခ၊ လစာ ပေးချေမှုစရိတ်သည် ကျပ် သိန်း ၁၀၀ ဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်တွင် ကျပ်သိန်း ၂၀၀ ပေးချေခဲ့ရပါသည်။ အဆိုပါ အခွန်ထမ်းအနေဖြင့် ယခင်နှစ်ထက် ပိုမိုကုန်ကျပေးချေခဲ့သည့် လုပ်ခ၊ လစာ ကျပ်သိန်း ၁၀၀ ၏ ၁၂၅ ရာခိုင်နှုန်းဖြစ်သည့် ကျပ် ၁၂၅ သိန်းကို ဝင်ငွေမှ စရိတ်အဖြစ် နုတ်ပယ်ခွင့်ပြုမည်ဖြစ်ပါသည်။ ထို့ကြောင့် ယင်းအခွန်ထမ်းအနေဖြင့် ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်တွင် လစာအသုံးစရိတ်အတွက် အမှန်တကယ်စရိတ်ပေးချေငွေ ကျပ်သိန်း ၂၀၀ ဖြစ်သော်လည်း ကျပ် ၂၂၅ သိန်းကို စရိတ်အဖြစ် နုတ်ပယ်ခွင့် ရရှိမည် ဖြစ်သည်။

**တစ်ပြေးညီကျင့်သုံးရန် သတ်မှတ်ချက်များ**

၁၄။ အခွန်ထမ်းများအနေဖြင့် လုပ်ငန်းအရှုံးပေါ်ပေါက်နိုင်စေကာမူ ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာ အပေါ် ၁၂၅ ရာခိုင်နှုန်းအား စရိတ်အဖြစ် နုတ်ပယ်ခွင့်ပြုရမည်။

၁၅။ **ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာ စရိတ်အား နုတ်ပယ်ခွင့်ပြုသည့်အတွက် လုပ်ငန်းမှ အရှုံးပေါ်ပေါက်ပါက အဆိုပါ အရှုံးအား ဝင်ငွေခွန်ဥပဒေနှင့်အညီ နောက်နှစ်များသို့ ဆက်လက်သယ်ဆောင်နုတ်ပယ်ခွင့်ပြုရမည်။**

၁၆။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အထူးစီးပွားရေးဇုန်ဥပဒေတစ်ရပ်ရပ်အရ အခွန်ကင်းလွတ်ခွင့်ရရှိထားသော အခွန်ထမ်းများအနေဖြင့်လည်း ဤအခန်းပါ စရိတ်နုတ်ပယ်ခွင့်နှင့် အရှုံးသယ်ဆောင်နုတ်ပယ်ခွင့်များကို ခံစားခွင့် ရှိစေရမည်။

## အခန်း (၄)

## မ-တည်အပိုင်ပစ္စည်း (Capital Equipment) များတွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှုအတွက် ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်ပြုခြင်း

**အဓိပ္ပာယ်သတ်မှတ်ချက်**

၁၇။ **မ-တည်အပိုင်ပစ္စည်း (Capital Equipment) တွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှု** ဆိုရာ၌ ဒြပ်မဲ့ရရန်ပိုင်ခွင့်များအတွက် ရင်းနှီးမြှုပ်နှံမှု၊ မြေ၊ အဆောက်အအုံ သို့မဟုတ် မြေနှင့် အဆောက်အအုံအားဝယ်ယူခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ခြင်းကိစ္စရပ်များ ပါဝင်ခြင်းမရှိစေရ။ ထို့ပြင် မ-တည်အပိုင်ပစ္စည်း **(Capital Equipment)** ပြောင်းလဲ တိုးမြှင့်ခြင်းမရှိဘဲ ယခင်ဝင်ငွေနှစ်အတိုင်း ပိုင်ဆိုင်ထားသည့် လုပ်ငန်း၏ ဒြပ်ရှိမတည်ပစ္စည်းများ၏ တန်ဖိုးကို တန်ဖိုးပြန်လည်သတ်မှတ်ခြင်း (Revaluation) ပြုပါက ထပ်တိုးလာသည့် ပမာဏကို ထပ်တိုး ရင်းနှီးမြှုပ်နှံမှုအဖြစ် သတ်မှတ်ခြင်း မပြုပါ။

၁၈။ **မ-တည်အပိုင်ပစ္စည်း (Capital Equipment)** တွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှုအတွက် ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသောပမာဏအား အခွန်ခုနှိမ်ခွင့်အဖြစ် ခုနှိမ်ခွင့်ပြုရမည်။

**တစ်ပြေးညီကျင့်သုံးရန် သတ်မှတ်ချက်များ**

၁၉။ မ-တည်အပိုင်ပစ္စည်း (Capital Equipment) တွင် ထပ်တိုး ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ တန်ဖိုးလျော့ဇယားတွင် တန်ဖိုးတိုးမြှင့်လာမှုအပေါ် အခြေပြု၍ သတ်မှတ်ရမည်။ ဥပမာအားဖြင့် ၂၀၁၈-၂၀၁၉ ဝင်ငွေနှစ်တွင် အခွန်ထမ်းတစ်ဦး၏ တန်ဖိုးလျော့ဇယားရှိ မ-တည်အပိုင်ပစ္စည်းများ (အထက်အပိုဒ် ၁၇ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီခြင်းမရှိသော မ-တည်အပိုင်ပစ္စည်းများမပါ) ၏ တန်ဖိုးသည် ကျပ် သိန်း ၂၀၀၀ ဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်တွင် အဆိုပါ တန်ဖိုးလျော့ဇယားရှိ မ-တည်အပိုင်ပစ္စည်း (အထက်အပိုဒ် ၁၇ ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီခြင်းမရှိသော မ-တည်အပိုင်ပစ္စည်းများမပါ) ၏ တန်ဖိုး ကျပ် သိန်း ၃၀၀၀ ဖြစ်သည် ဆိုပါက ယင်းအခွန်ထမ်းသည် ရရန်ပိုင်ခွင့်များတွင် ပိုမိုရင်းနှီးမြှုပ်နှံခြင်းအားဖြင့် တိုးလာသော မ-တည်အပိုင်ပစ္စည်းအတွက် တန်ဖိုးတွင် ကျပ် သိန်း ၁၀၀၀ တန်ဖိုးတိုးမြှင့်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်အတွက် အဆိုပါအခွန်ထမ်းသည် ပြန်အမ်းငွေ ရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့် ၁၀ ရာခိုင်နှုန်း (ကျပ် သိန်း ၁၀၀) ကို ခုနှိမ်ခွင့် ရရှိမည်ဖြစ်သည်။

၂၀။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အထူးစီးပွားရေးဇုန်ဥပဒေတစ်ရပ်အရ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်နှင့် ပြန်လည်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွန်ကင်းလွတ်ခွင့် **(reinvestment exemption)** ခံစားရရှိနေသည့် လုပ်ငန်းများသည် ဤအခွန်ခုနှိမ်ခွင့်နှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၁။ မ-တည်အပိုင်ပစ္စည်းတွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှုအတွက် အခွန်ခုနှိမ်ခွင့်အား ခွင့်ပြုခြင်းကြောင့် ပြန်အမ်းငွေပေါ်ပေါက်နိုင်ပါက အဆိုပါ ခုနှိမ်ခွင့်အား အပြည့်အဝခွင့်ပြုခြင်း မပြုဘဲ ပေးဆောင်ရန် အခွန်သုညဖြစ်သည့် ပမာဏအထိကိုသာ ခုနှိမ်ခွင့်ပြုရမည်။

၂၂။ **ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်ဖြစ်သောကြောင့် ပြန်အမ်းငွေအား တောင်းခံခြင်း၊ အခြား အခွန်အမျိုးအစားများတွင် ခုနှိမ်ခြင်းနှင့် နောက်နှစ်များသို့ ဆက်လက်သယ်ဆောင်ခုနှိမ်ခြင်း မပြုရ။**

၂၃။ ပြန်အမ်းငွေ ရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်မပြုမီ ယခင်နှစ်က သယ်ဆောင်လာသည့် ပြန်အမ်းငွေခုနှိမ်ခွင့်၊ ဝင်ငွေခွန်ဥပဒေအရ ပေးဆောင်ခဲ့သည့် ကြိုတင်ဝင်ငွေခွန်တို့ကို ဦးစွာခုနှိမ်ရမည်။

၂၄။ ထပ်တိုးရင်းနှီးမြှုပ်နှံမှုအတွက် အခွန်ခုနှိမ်ခွင့်ခံစားထားသည့် မ-တည်အပိုင်ပစ္စည်းအား ရယူသည့်နှစ်မှ တစ်ဆက်တည်း ၃ နှစ်အတွင်း လွှဲပြောင်းခြင်း၊ ရောင်းချခြင်း ဆောင်ရွက်ပါက အခွန်ခုနှိမ်ခွင့်အား ငြင်းပယ်ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပြန်လည်စည်းကြပ်ခြင်း ဆောင်ရွက်နိုင်သည်။

## အခန်း (၅)

## ထပ်တိုး မ-တည်အပိုင်ပစ္စည်း (Capital Equipment) များအတွက် တန်ဖိုးလျော့စရိတ်ကို တိုးမြှင့်ခွင့်ပြုခြင်း

### အဓိပ္ပာယ်သတ်မှတ်ချက်

၂၅။ ဤအခန်းပါ **ထပ်တိုး မ-တည်အပိုင်ပစ္စည်း (Capital Equipment) များအတွက် တန်ဖိုးလျော့စရိတ်** ဆိုရာတွင် အထက်အပိုဒ် ၁၇ ပါ အဓိပ္ပာယ်သတ်မှတ်ချက်နှင့်ကိုက်ညီသည့် မ-တည်အပိုင်ပစ္စည်းများတွင် ထပ်တိုးရင်းနှီးမြှုပ်နှံသည့် မ-တည်အပိုင်ပစ္စည်း၏ တန်ဖိုးလျော့စရိတ်ကို ဆိုသည်။

၂၆။ ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်တွင် ထပ်တိုးရယူသည့် မ-တည်အပိုင်ပစ္စည်း (Capital Equipment) များအတွက် နုတ်ပယ်ခွင့်ရရှိမည့် တန်ဖိုးလျော့စရိတ်၏ ၁၂၅ ရာခိုင်နှုန်းနှင့် ညီမျှသောပမာဏကို စရိတ်အဖြစ် နုတ်ပယ်ခွင့်ပြုမည်ဖြစ်ပြီး အဆိုပါ နုတ်ပယ်ခွင့်ကို ယင်းဝင်ငွေနှစ် တစ်နှစ်တည်းအတွက်သာ ရရှိမည်ဖြစ်သည်။ ဥပမာ- ကျပ် သိန်း ၁၀၀၀ တန်ဖိုးရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်ရပ်အား ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်အတွင်း ဝယ်ယူခဲ့ပြီး အဆိုပါပစ္စည်းအတွက် တန်ဖိုးလျော့နှုန်းသည် ၁၀ ရာခိုင်နှုန်း (ကျပ် သိန်း ၁၀၀) ဖြစ်ပါက ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်တစ်နှစ်တည်းအတွက်သာ တန်ဖိုးလျော့စရိတ်အဖြစ် ကျပ် ၁၂၅ သိန်းအား နုတ်ပယ်ခွင့်ပြုမည် ဖြစ်သည်။

### တစ်ပြေးညီကျင့်သုံးရန် သတ်မှတ်ချက်များ

၂၇။ **အခွန်ထမ်းအနေဖြင့် လုပ်ငန်းမှ အရှုံးပေါ်ပေါက်စေကာမူ အဆိုပါအသုံးစရိတ်အား အပြည့်အဝ နုတ်ပယ်ခွင့်ပြုရမည်ဖြစ်ပြီး ယင်းအရှုံးအား ဝင်ငွေခွန်ဥပဒေနှင့်အညီ နောက်နှစ်များသို့ ဆက်လက်သယ်ဆောင် နုတ်ပယ်ခွင့်ပြုရမည်။**

၂၈။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အထူးစီးပွားရေးဇုန်ဥပဒေ တစ်ရပ်ရပ်အရ အခွန်ကင်းလွတ်ခွင့်ရရှိထားသော အခွန်ထမ်းများအနေဖြင့်လည်း ဤအခန်းပါ တန်ဖိုးလျော့စရိတ်အား နုတ်ပယ်ခွင့်နှင့် အရှုံးသယ်ဆောင်နုတ်ပယ်ခွင့်အား ခံစားခွင့်ရှိစေရမည်။

၂၉။ တိုးမြှင့်ပေးသော တန်ဖိုးလျော့စရိတ်အား ခံစားရာတွင် သက်ဆိုင်ရာ မ-တည်အပိုင်ပစ္စည်း၏ တန်ဖိုးထက်မပိုစေရ။

## အခန်း (၆)

## အထွေထွေ

၃၀။ ဤလုပ်ထုံးလုပ်နည်းပါ အခွန်ဆိုင်ရာ သက်သာခွင့်များကို အခွန်ရှောင်ရှားလိုသော ရည်ရွယ်ချက်ဖြင့် ရယူကြောင်း သို့မဟုတ် မမှန်ကန်သော ဖော်ပြချက်များကို တင်ပြ၍ ရရှိခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါက အခွန်ဆိုင်ရာ သက်သာခွင့်အား ငြင်းပယ်ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပြန်လည်စည်းကြပ်ခြင်း ဆောင်ရွက်နိုင်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၂၀)**
နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၈ ရက်)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးသန့်ဇင် အား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၈ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

စိုးဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
**ပြန်ကြားရေးဝန်ကြီးဌာန**
**(ဝန်ကြီးရုံး)**
၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်)

အမှတ် ၃၈။ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၀) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ စက်မှုဌာနခွဲမှ အောက်ဖော်ပြပါ အမှုထမ်းများအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | မူလရာထူး၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|---|
| (က) | ဦးထွန်းလွင် | အငယ်တန်းအင်ဂျင်နီယာ (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စက်မှုဌာနခွဲ |
| (ခ) | ဒေါ်သန်းစောယဉ် | အငယ်တန်းအင်ဂျင်နီယာ (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စက်မှုဌာနခွဲ |
| (ဂ) | ဦးအောင်ငွေး | အငယ်တန်းအင်ဂျင်နီယာ (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စက်မှုဌာနခွဲ |
| (ဃ) | ဦးထွန်းထွန်းနိုင် | အငယ်တန်းအင်ဂျင်နီယာ (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စက်မှုဌာနခွဲ |
| (င) | ဦးသိန်းလွင် | အငယ်တန်းအင်ဂျင်နီယာ (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စက်မှုဌာနခွဲ |
| (စ) | ဦးဝင်းမြင့် | အငယ်တန်းအင်ဂျင်နီယာ (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စက်မှုဌာနခွဲ |

| စဉ် | အမည် | မူလရာထူး၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|---|
| (ဆ) | ဦးသန်းရှိန် | အငယ်တန်းအင်ဂျင်နီယာ (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စက်မှုဌာနခွဲ |
| (ဇ) | ဦးHB□ျာနော် | အငယ်တန်းအင်ဂျင်နီယာ (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စက်မှုဌာနခွဲ |
| (ဈ) | ဒေါ်သူဇာကျော် | အငယ်တန်းအင်ဂျင်နီယာ (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စက်မှုဌာနခွဲ |
| (ည) | ဦးထွန်းထွန်းလတ် | အငယ်တန်းအင်ဂျင်နီယာ (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စက်မှုဌာနခွဲ |
| (ဋ) | ဒေါ်ခင်မာချို | အငယ်တန်းအင်ဂျင်နီယာ (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စက်မှုဌာနခွဲ |
| (ဌ) | ဒေါ်ခိုင်ဆွေဦး | အငယ်တန်းအင်ဂျင်နီယာ (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စက်မှုဌာနခွဲ |
| (ဍ) | ဦးအောင်မိုး | အငယ်တန်းအင်ဂျင်နီယာ (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စက်မှုဌာနခွဲ |
| (ဎ) | ဦးမြင့်စိုး | အငယ်တန်းအင်ဂျင်နီယာ (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စက်မှုဌာနခွဲ |
| (ဏ) | ဒေါ်နန်းရွှေရည် | အငယ်တန်းအင်ဂျင်နီယာ (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စက်မှုဌာနခွဲ |
| (တ) | ဦးထွန်းဝင်း | အငယ်တန်းအင်ဂျင်နီယာ (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စက်မှုဌာနခွဲ |

## (ဝန်ကြီးရုံး)

အမှတ် ၃၉။ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၀) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ အသံလွှင့်ဌာနခွဲမှ အောက်ဖော်ပြပါ အမှုထမ်းများအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | မူလရာထူး၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|---|
| (က) | ဒေါ်တင်တင်ဝင်း | အသံလွှင့်ကျွမ်းကျင် (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အသံလွှင့်ဌာနခွဲ |

| စဉ် အမည် | မူလရာထူး၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| (ခ) ဒေါ်မြမြမိုး | အသံလွှင့်ကျွမ်းကျင် (၁)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အသံလွှင့်ဌာနခွဲ |
| (ဂ) ဒေါ်ဝင်းသန္တာ | အသံလွှင့်ကျွမ်းကျင် (၁)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အသံလွှင့်ဌာနခွဲ |
| (ဃ) ဒေါ်ညိုညိုလှ | အသံလွှင့်ကျွမ်းကျင် (၁)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အသံလွှင့်ဌာနခွဲ |
| (င) ဒေါ်တွန်သွမ့်ခွဲလ် | အသံလွှင့်ကျွမ်းကျင် (၁)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အသံလွှင့်ဌာနခွဲ<br>တိုင်းရင်းသားဌာနစိတ် |
| (စ) ဦးအေးလှိုင် | အသံလွှင့်ကျွမ်းကျင် (၁)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အသံလွှင့်ဌာနခွဲ<br>တိုင်းရင်းသားဌာနစိတ် |
| (ဆ) ဦးနို့ | အသံလွှင့်ကျွမ်းကျင် (၁)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အသံလွှင့်ဌာနခွဲ<br>တိုင်းရင်းသားဌာနစိတ် |
| (ဇ) ဒေါ်နန်းရွှေဇင်အောင်မြင့် | အသံလွှင့်ကျွမ်းကျင် (၁)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အသံလွှင့်ဌာနခွဲ<br>တိုင်းရင်းသားဌာနစိတ် |
| (စျ) ဦးစကျော်မျိုးထက် | အသံလွှင့်ကျွမ်းကျင် (၁)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အသံလွှင့်ဌာနခွဲ<br>တိုင်းရင်းသားဌာနစိတ် |
| (ည) ဦးဘရန်အောင် | အသံလွှင့်ကျွမ်းကျင် (၁)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အသံလွှင့်ဌာနခွဲ<br>တိုင်းရင်းသားဌာနစိတ် |
| (ဋ) ဒေါ်လိန်းလီ | အသံလွှင့်ကျွမ်းကျင် (၁)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အသံလွှင့်ဌာနခွဲ<br>တိုင်းရင်းသားဌာနစိတ် |

ဒေါက်တာဖေမြင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက် ( ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး

### ညွှန်ကြားချက်အမှတ် (၄/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၀ ရက်)

### သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုဆိုင်ရာ ညွှန်ကြားချက်

၁။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် တရားရုံးများက ရာဇဝတ်မှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုဖြစ်စေ၊ စစ်ဆေးစီရင်မှုဖြစ်စေ ဆောင်ရွက်ဆဲကာလတွင် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများ တန်ဖိုးဆုံးရှုံးမှုမရှိစေရေးအတွက် စီမံထိန်းသိမ်းဆောင်ရွက်နိုင်ရန် သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုကော်မတီအဆင့်ဆင့်ကို နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများကို စနစ်တကျ စီမံထိန်းသိမ်းထားနိုင်ရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက သက်သေခံပစ္စည်းများ သိမ်းဆည်းသည့်အချိန်၌ ယင်းပစ္စည်းတစ်ခုချင်းစီ၏ အရှေ့၊ အနောက်၊ ဘေးနှစ်ဖက်နှင့် (လိုအပ်ပါက) အပေါ်နှင့်အောက်၊ မော်တော်ယာဉ် သို့မဟုတ် ရေယာဉ်ဖြစ်ပါက အပြင်ဘက်နှင့် အတွင်းခန်း လေးဖက်လေးတန်နေရာများ၊ အဆောက်အဦဖြစ်ပါက ယင်းအဆောက်အဦအပြင်ဘက်နှင့် အတွင်းဘက် အခန်းတစ်ခန်းချင်းစီ၏ လေးဖက်လေးတန်နေရာများသို့ ဓာတ်ပုံရိုက်၍ ရှာဖွေပုံစံ၌ လိုအပ်သောအချက်အလက်များ တိကျစွာဖြည့်စွက်၍ ယင်းဓာတ်ပုံများနှင့် ရှာဖွေပုံစံများကို သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုဗဟိုကော်မတီသို့ ဖက်(စ်) ဖြင့်ဖြစ်စေ၊ အခြားအီလက်ထရောနစ်ပုံစံတစ်မျိုးဖြင့်ဖြစ်စေ ချက်ချင်းတိုက်ရိုက်ပေးပို့၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုကော်မတီနှင့် ခရိုင် သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုကော်မတီများသို့ မိတ္တူပေးပို့ရမည်။

( ခ ) ခရိုင် သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုကော်မတီသည် သက်ဆိုင်ရာခရိုင်/မြို့နယ်အတွင်း နိုင်ငံတော်ပိုင်မြေနေရာ/အဆောက်အဦတစ်ခုခုကို သက်သေခံပစ္စည်းများ လက်ခံထိန်းသိမ်းမည့်နေရာ/အဆောက်အဦအဖြစ် အသုံးပြုနိုင်ရေး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့တင်ပြပြီး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

( ဂ ) သိမ်းဆည်းပစ္စည်းသည် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်ပြီး ခန့်မှန်းကာလတန်ဖိုး ကျပ် ၁၀ သန်း နှင့်အထက်ဖြစ်ကာ တန်ဖိုးလျော့ကျဆုံးရှုံးမှုဖြစ်ပေါ်နိုင်သော ပစ္စည်းဖြစ်ပါက သက်သေခံပစ္စည်းများ လက်ခံထိန်းသိမ်းမည့်နေရာ/အဆောက်အဦသို့ သက်ဆိုင်ရာစုံစမ်းစစ်ဆေးသူအရာရှိက ၄၈ နာရီအတွင်း သို့မဟုတ် သယ်ယူမှုအခက်အခဲဖြစ်နိုင်သည့်ပစ္စည်းများအတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုကော်မတီမှ သတ်မှတ်သည့်အချိန်အတိုင်းအတာအတွင်း သယ်ယူပို့ဆောင်ရမည်။

(ဃ) ခရိုင်ကော်မတီသည် သယ်ယူရွှေ့ပြောင်းရန် မလွယ်ကူသော လှေ၊ သင်္ဘောများကို ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ခံဝန်နှင့်ငှားရမ်းထားခြင်း၊ မရွှေ့မပြောင်းနိုင်သော နေအိမ်၊ ခြံဝင်းများကို ဗဟိုကော်မတီ၏သဘောတူချက်ဖြင့် ခံဝန်နှင့် ငှားရမ်းထားခြင်း သို့မဟုတ် လုံခြုံရေးဝန်ထမ်းအား အငှားချထားစောင့်ရှောက်ခြင်းတို့ ပြုလုပ်စေရမည်။

(င) ကျွဲ၊ နွားတိရစ္ဆာန်များဖြစ်လျှင် ခရိုင်ကော်မတီသည် လက်ရှိ ဖြစ်သူသို့ ခံဝန်ဖြင့် ခေတ္တပြန်လည်အပ်နှံခြင်း သို့မဟုတ် ထိန်းကျောင်းမည့်သူကို ကော်မတီရန်ပုံငွေဖြင့် ငှားရမ်းထိန်းကျောင်းစေရမည်။

(စ) သယ်ယူရွှေ့ပြောင်းရန် မလွယ်ကူသော လှေ၊ သင်္ဘောများနှင့် မရွှေ့မပြောင်းနိုင်သောနေအိမ်၊ ခြံဝင်းများကို သက်ဆိုင်ရာနေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုကော်မတီနှင့် ခရိုင် သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုကော်မတီအဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့မှ အနည်းဆုံးတစ်လလျှင်တစ်ကြိမ် စောင့်ကြည့်စစ်ဆေးမှုများ ဆောင်ရွက်ရမည်။

(ဆ) မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ကော်မတီအဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့် သက်သေခံပစ္စည်း လက်ခံထိန်းသိမ်းရေး တာဝန်ထမ်းဆောင်မည့် တပ်ဖွဲ့ဝင်များကို အင်အားထုတ်နုတ်သီး ခြားတာဝန်ပေးအပ်ရမည်။

(ဇ) ပုပ်သိုးပျက်စီးနိုင်သော ပစ္စည်းများကို ဆောလျင်စွာ ထုခွဲရောင်းချခွင့်ပြုရန် တရားစွဲအဖွဲ့အစည်းက တရားရုံးသို့ လျှောက်ထားရမည်။ တရားရုံး၏အမိန့်အရ ကော်မတီက ထုခွဲရောင်းချပြီး ကော်မတီ၏ ဘဏ်ငွေစာရင်း၌ ထည့်သွင်းထိန်းသိမ်းထားရမည်။

(ဈ) တရားရုံးသို့ အမှုစွဲဆိုတင်ပို့ရာတွင် သက်သေခံပစ္စည်းများကို တရားရုံးရှေ့တင်ပို့ခြင်း သို့မဟုတ် တရားရုံးရှေ့ တင်ပို့ရန်မလွယ်ကူသည့် သက်သေခံပစ္စည်းများ၏ ဓာတ်ပုံမှတ်တမ်းများနှင့်အတူ မည်သည့်နေရာတွင် ထိန်းသိမ်းထားကြောင်း သက်ဆိုင်ရာသက်သေခံပစ္စည်း စီမံထိန်းသိမ်းရေးအဖွဲ့၏ တင်ပြချက်အထောက်အထားတို့ကိုပါ တစ်ပါတည်း တင်ပြရမည်။

(ည) တရားရုံးက နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းရန် စီရင်ချက်ချမှတ်ထားသော ပစ္စည်းများကို ဗဟိုကော်မတီမှ တစ်ဆင့် ဘဏ္ဍာသိမ်းပစ္စည်းများ လေလံတင်ထုခွဲရောင်းချရေးကော်မတီသို့ လွှဲပြောင်းပေးအပ်ပြီး ထုခွဲရောင်းချရရှိသောငွေကြေးကို ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၅၊ ပုဒ်မ ၂၅၄ အရ တိုင်းဒေသကြီး/ ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။ အခြားပစ္စည်းများကို စီရင်ချက် ချမှတ်သည့်အတိုင်း သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးအပ်ရမည်။

(ဋ) တစ်ဦးတစ်ယောက်အား သိမ်းဆည်းထားသောပစ္စည်းကို ပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်၍ ပြန်လည်ပေးအပ်သည့်အခါ ထိန်းသိမ်းစောင့်ရှောက်မှု ကုန်ကျငွေများကို ပစ္စည်းလက်ခံရယူသူက ကော်မတီ၏ရန်ပုံငွေသို့ ပြန်လည်ပေးသွင်းရမည်။

(ဌ) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုကော်မတီနှင့် ခရိုင် သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုကော်မတီ၏ ဆောင်ရွက်ချက်များကို စာရင်းဇယားများနှင့် ဗဟိုကော်မတီသို့ လစဉ်အစီရင်ခံရမည်။

(ဍ) ခရိုင်ကော်မတီသည် သက်သေခံပစ္စည်း လက်ခံထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ကျမည့် အသုံးစရိတ်အတွက် ဘတ်ဂျက်တင်ပြတောင်းခံပြီး ဘတ်ဂျက်ခွင့်ပြုသည့်အခါ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ငွေစာရင်းခေါင်းစဉ်သို့ ခွဲဝေချထားရမည်။

၃။ ဤညွှန်ကြားချက်သည့် ခန့်မှန်းကာလတန်ဖိုး ကျပ် ၁၀ သန်း နှင့်အထက်ဖြစ်သော တရားရုံးရှေ့တင်ပို့ခြင်း မပြုသည့် တန်ဖိုးလျော့ကျဆုံးရှုံးမှုဖြစ်နိုင်သော ပိုင်ရှင်မဲ့ သက်သေခံပစ္စည်းများအတွက်ပါ အကျုံးဝင် စေရမည်။

၄။ ဤညွှန်ကြားချက် ထုတ်ပြန်ဆောင်ရွက်ခြင်းမပြုမီ တရားရုံး၌ ထိန်းသိမ်းထားသောပစ္စည်းများ၊ အမိန့်ချပြီးနောက် ဆက်လက်ထားရှိသောပစ္စည်းများနှင့် အကျုံးဝင်ခြင်း မရှိစေရ။

၅။ သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုကော်မတီအဆင့်ဆင့်၊ ဆက်စပ်ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တရားရုံးတို့သည် သိမ်းဆည်းထားသောသက်သေခံပစ္စည်းများ တန်ဖိုးဆုံးရှုံးမှုမရှိစေရန် စီမံထိန်းသိမ်းမှုစနစ် ထိရောက်အောင်မြင်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ညွှန်ကြားလိုက်သည်။

ခင်လတ်
အမြဲတမ်းအတွင်းဝန်
နိုင်ငံတော်သမ္မတရုံး

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက် ( ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

Notice of Special Resolution
**Nakashima Myanmar Co., Ltd**
For Members' Voluntary Winding-up
Pursuant to Section 348 of Myanmar Companies Law

1. Under the Special Resolution passed on 18-9-2020, the Company is placed under voluntary winding up, and Daw Aye Nyein Naing has been appointed as a Liquidator of the Company.
2. Therefore, all creditor and debtors of the company are hereby notified to claim with evidence or to pay, if any, to above-mentioned Liquidator to the address mentioned hereunder within one month.

U Aung Ko Maw
Director

Daw Aye Nyein Naing
LL. M, LL.B, DBL, DIPL.
Liquidator

**Liquidator's office -** No. 221, Level 11, Sule Pagoda Road, Kyauktada Township, Yangon, Myanmar. (Phone-09799000042)

**Brus Service Co., Ltd**
နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် | ။ | ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁၈) ရက် |
| အစည်းအဝေးကျင်းပမည့်အချိန် | ။ | နံနက် (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | ။ | ကုမ္ပဏီရုံးခန်း |

ဦးစိန်ကျော်ဝင်း
B.Com, CPA
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## အောင်ကြာပွင့် ကုမ္ပဏီလီမိတက်
## (AUNG KYAR PWINT COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မ ၃၄၈ အရ
ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း
ကြေညာချက်

၁။ အစုရှယ်ယာရှင်များ၏ (၁၇-၉-၂၀၂၀) ရက်နေ့က ကျင်းပပြုလုပ်သော အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် **အောင်ကြာပွင့် ကုမ္ပဏီလီမိတက် (AUNG KYAR PWINT COMPANY LIMITED)** အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးပါပိုဂနီဆန် B.A., (English) R.L, Advocate (Registration No. 4647)၊ တိုက်အမှတ်-စီ ၁၊ အခန်းအမှတ်-၀၀၅၊ နှင်းဆီလမ်း၊ ယုဇနဟိုင်းဝေးကွန်းပလက်စ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့အား ခန့်အပ်ရန်သဘောတူဆုံးဖြတ်ကြပါသည်။

၂။ သို့အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးပါပိုဂနီဆန် ထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို (၁၉-၁၀-၂၀၂၀) ရက်နေ့ နောက်ဆုံးထားကာ သက်သေပြ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်အိအိဖြူ
မန်နေးဂျင်းဒါရိုက်တာ
အောင်ကြာပွင့် ကုမ္ပဏီလီမိတက်

ဦးပါပိုဂနီဆန်
B.A., (English) R.L
Advocate (Registration No. 4647)
Khin Su Htay & Associates
Legal & Tax Consultants Ltd
Liquidator
Email : papo@ytp. com. mm
Tel : 09420051071, 09420140625

## သာလွန်သောကြယ်ခုနစ်ပွင့် ကုမ္ပဏီလီမိတက်
## (SUPER SEVEN STARS COMPANY LIMITED)

အများသိစေရန် ကြေညာချက်

**သာလွန်သောကြယ်ခုနစ်ပွင့် ကုမ္ပဏီလီမိတက် (Super Seven Stars Company Limited)** အား ယခုအခါ အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်အဖြစ်သို့ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ ပြောင်းလဲဖွဲ့စည်းသွားရန် မှတ်ပုံတင်အရာရှိထံသို့ တင်ပြထားပါသည်။

ထိုသို့ တင်ပြထားချက်ကို နိုင်ငံတော်ပြန်တမ်း၌ ထည့်သွင်းဖော်ပြပြီးနောက် ၂၈ ရက်အတွင်း မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီမှ တင်ပြသည့် လျှောက်ထားမှုကို ကျေနပ်လက်ခံပြီး တရားရုံး၏ အမိန့်တစ်ရပ်ရပ်အရ တားမြစ်ခြင်းမရှိလျှင် ကုမ္ပဏီမှတ်ပုံတင်ထားသော ကုမ္ပဏီ အမျိုးအစားပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို ပြောင်းလဲသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
Super Seven Stars Co., Ltd
သာလွန်သောကြယ်ခုနစ်ပွင့် ကုမ္ပဏီလီမိတက်
ဖုန်း-၀၁-၆၅၇၈၆၆၊ ၀၁-၆၅၇၈၆၇ ၀၉-၉၆၉၉၉၇၄၂

## အစိမ်းရောင် ဗျူဟာ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်
## (GREEN STRATEGIC MINING COMPANY LIMITED)

၂၀၁၇ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၃၄၅ နှင့် ၃၄၈ တို့အရ
(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၈) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော သာမန်ထက် ထူးကဲသည့် အထူးအထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **အစိမ်းရောင် ဗျူဟာ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် (GREEN STRATEGIC MINING COMPANY LIMITED)** အား (၃၁-၈-၂၀၂၀) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ဒါရိုက်တာ အဖွဲ့ဝင်များ၏ သဘောတူညီမှုအရ ဒေါ်ခင်ဇာလီအောင် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁၈-၁၀-၂၀၂၀) ရက်နေ့တွင် နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးရဲမြင့်ကြည်
မန်နေးဂျင်း ဒါရိုက်တာ
GREEN STRATEGIC MINING
COMPANY LIMITED

ဒေါ်ခင်ဇာလီအောင်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၃၅၂)
အမှတ် (၂၅၈/က)၊ လှိုင်သီတာလမ်း၊ ၃၁ ရပ်ကွက်၊
မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်။
၀၉-၄၂၀၁၃၈၉၃၉

## Wealth Nest Financial Company Limited

ကုမ္ပဏီစာရင်းအပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၅၇ (က) အရ ကုမ္ပဏီ၏ စာရင်းများကို အပြီးသတ် ဖျက်သိမ်း နိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁၉) ရက်နေ့ နံနက် (၁၀း၀၀) နာရီအချိန်တွင် ကွန်းပလပ် ၄၅၊ ၄၅ လမ်း၊ တာဝါဘီ၊ အခန်းအမှတ် ၆၀၇၊ ၆ လွှာ၊ ဗိုလ်တထောင် မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာ စာရင်းရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြသွားမည်ဖြစ်ပါသည်။

ဒေါ်နွဲ့ယဉ်ဝင်း
B.Com., C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ကွန်းပလပ် ၄၅၊ ၄၅ လမ်း၊ တာဝါဘီ၊ အခန်းအမှတ် ၆၀၇၊
၆ လွှာ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## AYAR MINN GEMS COMPANY LIMITED

ဖျက်သိမ်းရန် ကြော်ငြာချက်

၁။ **AYAR MINN GEMS COMPANY LIMITED** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက် ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| U SOE AUNG | ဦးဇင်ဝေ |
| MANAGING DIRECTOR | B.Com (AA), CPA (210) |
| AYAR MINN GEMS COMPANY LIMITED | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## SEINN LEI THAR YAR GEMS COMPANY LIMITED

ဖျက်သိမ်းရန် ကြော်ငြာချက်

၁။ **SEINN LEI THAR YAR GEMS COMPANY LIMITED** ကို အစုရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းရန် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက် ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| U MYINT AYE | ဦးဇင်ဝေ |
| MANAGING DIRECTOR | B.Com (AA), CPA (210) |
| SEINN LEI THAR YAR GEMS CO., LTD | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## ROYAL K COMPANY LIMITED

ဖျက်သိမ်းရန် ကြော်ငြာချက်

၁။　**ROYAL K COMPANY LIMITED** ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ် အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။　၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။　သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| U MAUNG AYE | ဦးဇင်ဝေ |
| MANAGING DIRECTOR | B.Com (AA), CPA (210) |
| ROYAL K COMPANY LIMITED | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## ZHONG TIAN (MYANMAR) BUILDING INSTALLATION COMPANY LIMITED

ဖျက်သိမ်းရန် ကြော်ငြာချက်

၁။　**ZHONG TIAN (MYANMAR) BUILDING INSTALLATION COMPANY LIMITED** ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၄-၉-၂၀၂၀) နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။　၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။　သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးညီညီဝင်းဖြိုး | ဦးဇင်ဝေ |
| မန်နေးဂျင်းဒါရိုက်တာ | B.Com (AA), CPA (210) |
| Zhong Tian (Myanmar) Building Installation Co., Ltd | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## KING OF CAR BAGO COMPANY LIMITED

ဖျက်သိမ်းရန် ကြော်ငြာချက်

၁။ **KING OF CAR BAGO COMPANY LIMITED** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် (၁၄-၉-၂၀၂၀) နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးအောင်ကျော်ဦး
မန်နေးဂျင်းဒါရိုက်တာ
KING OF CAR BAGO CO., LTD

ဦးဇင်ဝေ
B.Com (AA), CPA (210)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၄၈ အရ

## Star Max Co., Ltd

အစုရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာချက်

၁။ **Star Max Co., Ltd** ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၆-၉-၂၀၂၀) နေ့တွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထူးအထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်နန်းမိုခမ်းအောင်၊ နိုင်ငံသားစိစစ်ရေးအမှတ် [၁၂/တကန (နိုင်) ၁၄၉၂၂၀] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်-ရရန်ရှိသည်များကို (၁) လအတွင်း နောက်ဆုံးထား၍ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

Daw Nwet Nwet Win
Managing Director
Star Max Co., Ltd

ဒေါ်နန်းမိုခမ်းအောင်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၇၃/၂၇. ၁. ၂၀၁၅)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၆၀)၊ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၄၈ အရ

**Groupico Co., Ltd**

အစုရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာချက်

၁။ **Groupico Co., Ltd** ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၆-၉-၂၀၂၀) နေ့တွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထူးအထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်နန်းမိုခမ်းအောင်၊ နိုင်ငံသားစိစစ်ရေးအမှတ် [၁၂/တကန (နိုင်) ၁၄၉၂၂၀] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်-ရရန်ရှိသည်များကို (၁) လအတွင်း နောက်ဆုံးထား၍ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

Daw Phyo Zin Htet
Managing Director
Groupico Co., Ltd

ဒေါ်နန်းမိုခမ်းအောင်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၇၃/၂၇၊ ၁၊ ၂၀၁၅)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၆၀)၊ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၄၈ အရ

**Real Max Trading Co., Ltd**

အစုရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာချက်

၁။ **Real Max Trading Co., Ltd** ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၆-၉-၂၀၂၀) နေ့တွင်ကျင်းပသော သာမန်ထက်ထူးကဲသော အထူးအထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်နန်းမိုခမ်းအောင်၊ နိုင်ငံသားစိစစ်ရေးအမှတ် [၁၂/တကန (နိုင်) ၁၄၉၂၂၀] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်-ရရန်ရှိသည်များကို (၁) လအတွင်း နောက်ဆုံးထား၍ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

U Nay Min Phyo
Managing Director
Real Max Trading Co., Ltd

ဒေါ်နန်းမိုခမ်းအောင်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၇၃/၂၇၊ ၁၊ ၂၀၁၅)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၆၀)၊ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
**Bago Ever Green Co., Ltd**
အစုရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာချက်

၁။ **Bago Ever Green Co., Ltd** ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၆-၉-၂၀၂၀) နေ့တွင်ကျင်းပသော သာမန်ထက်ထူးကဲသော အထူးအထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်နန်းမိုခမ်းအောင်၊ နိုင်ငံသားစိစစ်ရေးအမှတ် [၁၂/တကန (နိုင်) ၁၄၉၂၂၀] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်-ရရန်ရှိသည်များကို (၁) လအတွင်း နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

U Saw Yan Naing
Managing Director
Bago Ever Green Co., Ltd

ဒေါ်နန်းမိုခမ်းအောင်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၇၃/၂၇. ၁. ၂၀၁၅)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၆၀)၊ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
**N-Car Winner Co., Ltd**
အစုရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာချက်

၁။ **N-Car Winner Co., Ltd** ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၆-၉-၂၀၂၀) နေ့တွင်ကျင်းပသော သာမန်ထက်ထူးကဲသော အထူးအထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်နန်းမိုခမ်းအောင်၊ နိုင်ငံသားစိစစ်ရေးအမှတ် [၁၂/တကန (နိုင်) ၁၄၉၂၂၀] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်-ရရန်ရှိသည်များကို (၁) လအတွင်း နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

U Thiha
Managing Director
N-Car Winner Co., Ltd

ဒေါ်နန်းမိုခမ်းအောင်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၇၃/၂၇. ၁. ၂၀၁၅)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၆၀)၊ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပ၊ ထ၊ န - အမှတ် ၅၄၃/၁၉/ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၃၀/၁၈-၉-၂၀၂၀။